# မြန်မာ့ဇာတိမာန်စာပေ(၁၉၃၁–၁၉၄၈)

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

ချောစုစုဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

မြန်မာ့ဇာတိမာန်စာပေ (၁၉၃၁–၁၉၄၈) ပါရဂူဘွဲ့ယူကျမ်း၏ ရည်ရွယ်ချက်မှာ မြန်မာစာပေအတွက် သာမက မြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုးအတွက်ပါ အကျိုးပြုရေးကို ရည်ရွယ်ကာ ရွေးချယ်သုတေသန ပြုထားခြင်း ဖြစ်ပါသည်။ လေ့လာမှုနယ်ပယ် သတ်မှတ်ရာ၌ ၁၉၃၁ခုနှစ် မြန်မာတစ်မျိုးသားလုံး အမျိုးသားဝံသာနုစိတ် နိုးကြားလာချိန်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးကြီးရချိန်ထိ (၁၇) နှစ်တာကာလကို သတ်မှတ်ရွေးချယ် ပြုထားပါသည်။ လေ့လာသည့်အကြောင်းအရာသည် မြန်မာ့ ဇာတိမာန်အား နိုးထလာအောင် လှုံ့ဆော်ပေးနိုင်သော ဇာတိမာန်ဝတ္ထုရှည်များ၊ ဇာတိမာန်ကဗျာများ၊ ဇာတိမာန် ပြဇာတ်များနှင့် ဇာတိမာန်ဆောင်းပါးများကို ခေတ်ကာလနောက်ခံနှင့် ထင်ဟပ်ကာဇာတိမာန် လှုံ့ဆော်နိုင်မှုရှုထောင့်မှလေ့လာ ဖော်ထုတ်ပြထားပါသည်။ထိုဇာတိမာန်စာပေများမှ ဇာတိမာန်အဖွဲ့များကို အမျိုးသား စည်းလုံးညီညွတ်ရေး အရေးအဖွဲ့၊ နယ်ချဲ့ဆန့်ကျင်ရေး အရေးအဖွဲ့၊ အမျိုးသား လွတ်မြောက်ရေး အရေးအဖွဲ့ဟူ၍ သုံးရပ်ခွဲကာ စာဆိုတို့၏ ဇာတိမာန် စေတနာ၊ နိုင်ငံရေးအသိအမြင်၊ ဖန်တီးနိုင်မှု အတတ်ပညာတို့နှင့် ထင်ဟပ်ပြထားပါသည်။ ဖန်တီးမှုဆိုရာ၌ဇာတိမာန် အဖွဲ့ကိုညွှန်းသော အရေးအဖွဲ့ကိုသာဆိုလိုပါသည်။ ထိုဇာတိမာန်အရေးအဖွဲ့များသည် နိုင်ငံနှင့်လူမျိုး စာပေနှင့်ယဉ်ကျေးမှု အပေါ်အကျိုးပြုနေကြောင်း လေ့လာဖော်ထုတ်ပြထားပါသည်။